ရခိုင်ပြည်အမျိုးသားကောင်စီ
Arakan National Council
Head Office, Email: anc.hq1@gmail.com

# ကချင်အမျိုးသားအစည်းအရုံး (KNO) ဥက္ကဋ္ဌ၊ ဒူဝါဘောမ်ဝမ်လရော်၏ စျာပန အခမ်းအနားသို့ ပေးပို့သော ရခိုင်ပြည်အမျိုးသားကောင်စီ (ANC/AA) ၏ ဝမ်းနည်းကြောင်း သဝဏ်လွှာ

နေ့စွဲ - ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်။

အမှတ် - ၁/၂၀၂၁။

၁။ ကချင်အမျိုးသားအစည်းအရုံး (KNO) ၏ ဥက္ကဋ္ဌနှင့် ကချင်အမျိုးသား ခေါင်းဆောင်တဦးဖြစ်သော ဒူဝါဘောမ်ဝမ်လရော်သည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့တွင် ဗြိတိန်နိုင်ငံ၌ COVID-19 ရောဂါဖြင့် ကွန်လွန်အနိစ္စရောက်သွားကြောင်းကြားသိရသဖြင့် ဒူဝါအားချစ်မြတ်နိုးသော ကချင်ပြည်သူလူထုနှင့်ထပ်တူ မိမိတို့ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) မှလည်း ဝမ်းနည်းကြေကွဲရပါသည်။

၂။ ဒူဝါဘောမ်ဝမ်လရော်သည် ကချင်တမျိုးသားလုံး၏ ရသင့်ရထိုက်သော အခွင့်အရေးအတွက် မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် သက်ဆုံးတိုင် ရုန်းကန်လှုပ်ရှားခဲ့သူဖြစ်သလို၊ ဘဝတူ အဖိနှိပ်ခံ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများကြားတွင်လည်း ရပ်တည်ချက်၊ အမြင်နှင့် လုပ်နည်းလုပ်ဟန် တည့်မတ်မှန်ကန်ရေးအတွက် ရဲဝံ့ရိုးသားစွာ အစဉ်တစိုက် ထောက်ပြပြောဆို သတိပေးခဲ့သူလည်း ဖြစ်သည်ဟု မိမိတို့ ရခိုင်ပြည်အမျိုးသား ကောင်စီ (ANC) မှ မှတ်တမ်းတင်အပ်ပါသည်။

ဒူဝါဘောမ်ဝမ်လရော်ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း ၎င်းမျှော်မှန်းခဲ့သည့် ကချင်အမျိုးသားတို့၏ လွတ်မြောက်ရေးပန်းတိုင်သို့ ပေါက်ရောက်သည်အထိ ကချင်တမျိုးသားလုံး ဆက်လက်ချီတက်နိုင်ကြပါစေကြောင်း ဆန္ဒပြုလျက် -

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ရခိုင်ပြည်အမျိုးသားကောင်စီ (ANC/AA)